# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊ ၁ / ၂၀၂၃
## ၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
## ( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)၊နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)နေပြည်တော်သို့ လည်းကောင်း၊ **Online** စနစ်ဖြင့် **e-Recruitment and Selection System (e – RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based)** တို့ကိုအသုံးပြု၍လည်းကောင်း ၂၇ – ၁– ၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ဝင်ရောက်လျှောက်ထားနိုင်ပါသည် –

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဆရာဝန်(သစ်လွင်) | ၁၈၀ နေရာ | ဆေးပညာဘွဲ့(M.B.,B.S.) |
| ဆရာဝန်(သွားနှင့်ခံတွင်း) | ၂၀ နေရာ | သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S) |

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) လျှောက်ထားသူများအနေဖြင့် ၂၇ – ၁ –၂၀၂၃ရက်နေ့တွင်ပြင်ပပုဂ္ဂိုလ်**အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊**

(ဂ) ဆရာဝန်(သစ်လွင်) အတွက် ဆေးပညာဘွဲ့(M.B.,B.S.)နှင့် ဆရာဝန်(သွားနှင့်ခံတွင်း) ရာထူးအတွက်သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)နှင့်မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့် အထွေထွေ ဆေးကုသခွင့်လိုင်စင်(ဆမ/သခ)ကိုင်ဆောင်ထားသူ(သို့မဟုတ်) အလုပ်သင်ဆရာဝန် ပြီးမြောက်သူများအနေဖြင့် လျှောက်ထားချိန်တွင် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနှင့် အတူပူးတွဲ ပေးပို့ရမည်၊

(ဃ) ဆရာဝန်(သစ်လွင်/သွားနှင့်ခံတွင်း) ရာထူးအတွက် စတင် တာဝန်ထမ်းဆောင်သည့် ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက အခြားလုပ်ငန်း လိုအပ်ချက်ရှိသောဆေးရုံများသို့နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်၊

( င ) ဆရာဝန်(သစ်လွင်/သွားနှင့်ခံတွင်း) ရာထူးအတွက် ဆေးပညာမဟာသိပ္ပံဘွဲ့လွန် စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်၊

( စ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ ဆရာဝန်(သစ်လွင်/သွားနှင့်ခံတွင်း)ရာထူးများအတွက်အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာဖြင့်လျှောက်ထားသူများအား အလုပ်ခန့်အပ်ခြင်းခံရပြီး စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပို့ချိန်တွင် ဆမ/သခထုတ်ပေးရန်ထောက်ခံချက်ပေးမည်ဖြစ်ပါကြောင်းဖော်ပြအပ်ပါသည်။

**၄။ ကြော်ငြာပါရာထူးအတွက် ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့်အရာထမ်းလောင်းအခြေခံသင်တန်းများသို့လတ်တလောတွင်တက်ရောက်စေခြင်း မပြုသေးဘဲ သက်ဆိုင်ရာဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ်ဦးစွာ ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။**

၅။ လျှောက်လွှာတင်သွင်းလိုသူများသည် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် မိမိတို့နှင့် သက်ဆိုင်သော အချက်အလက်များကို ဖြည့်သွင်းကာ အချိန်မီ လျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်ထားသူများ အနေဖြင့် **UCSB e-RSS Mobile Application** ကို အသုံးပြု၍ **Google Play Stroe** နှင့် **Apple Store** တို့မှတဆင့် **Download** ရယူ၍ အသုံးပြုရန် (သို့မဟုတ်) **UCSB e- RSS Web Based** အသုံးပြု၍ **e-recruitment.ucsb.gov.mm** သို့ ဝင်ရောက်ကာ မှတ်ပုံတင်ပြုလုပ်၍ စနစ်တွင် ကိုယ်ပိုင် **Account** တစ်ခုတည်ဆောက်ရပါမည်။ မှတ်ပုံတင်ပြုလုပ်ရန်အတွက် လျှောက်ထားသူ၏ ကိုယ်ပိုင် **e-mail** ကို အသုံးပြုရမည် ဖြစ်ပါသည်။ အသုံးပြုရာတွင် မြန်မာယူနီကုဒ် (ပြည်ထောင်စုစာလုံး **Pyidaungsu** Font) တစ်မျိုးတည်းကိုသာ အသုံးပြုရမည်ဖြစ်ပါသည်။ အသုံးပြုနည်းအသေးစိတ် **User Guide** အား **Download** ရယူ၍ ဖတ်ရှုလေ့လာကာ စနစ်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ **User Guide နှင့် လျှောက်ထားတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website – www.ucsb.gov.mm နှင့်Myanmar National Web Portal – www.myanmar.gov.mmတို့တွင်လည်း ဖော်ပြပေးထားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ အဖွဲ့ရုံးများတွင် ဝယ်သူဖတ်ရှုလေ့လာနိုင်ပါသည်။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များပူးတွဲ တင်ပြရမည့် စာရွက်စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်းစိတ်အခြေ**

**အနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။**

၇။ သတ်မှတ်စာမေးပွဲဝင်ကြေးငွေကို **Online Banking** (သို့မဟုတ်)**Manual** နည်းလမ်းနှစ်မျိုးဖြင့်ပေးသွင်းနိုင်ပါသည်။Online Banking စနစ်ဖြင့် ပေးသွင်းရာတွင် **CB Pay, Master, MPU, JCB, VISA** တို့ဖြစ်သော **payment method** (၅)မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။

၈။ လျှောက်ထားသူများသည် လျှောက်လွှာတင်သွင်းစဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်၊ အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ/သခ)၊ ဘွဲ့လက်မှတ်၊ အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာ (ဘွဲ့လက်မှတ်မရရှိသေးသူများ)၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်းမိတ္တူများပူးတွဲတင်ပြရမည်။ သတ်မှတ်စာရွက်စာတမ်းမိတ္တူများ မပါရှိသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှစာမေးပွဲဝင်ကြေးပေးသွင်းထားသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသူများကိုစနစ်မှ အလိုအလျောက် လက်ခံပေးမည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၉။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၁၅ကို ကျင့်သုံး၍ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့ စာဖြင့် အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။

၁၀။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါကပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉ - ၄၂၀၇၀၆၆၀၅၊ ၀၉-၄၂၀၇၀၆၆၀၆၊ ၀၉-၇၉၇၇၂၇၆၉၆၊၀၉-၄၄၁၉၃၇၃၄၃နှင့်၀၉-၂၆၂၅၀၂၉၈၈) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။